# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# မြန်မာနိုင်ငံ ခရီးသွားလာရေးဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၃/၉၀)

၁၃၅၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်

(၁၉၉၀ ပြည့်နှစ်၊ ဇွန်လ ၂၀ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံ ခရီးသွားလာရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ခရီးသွားလာသူ** ဆိုသည်မှာ မိမိနေထိုင်ရာဒေသမှ အခြားနေရာဒေသသို့ အလည်အပတ် ခရီးထွက်သူကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်တွင်းခရီးသည်၊ ကမ္ဘာလှည့်ခရီးသည်နှင့် နိုင်ငံခြားဧည့်သည်တို့လည်း ပါဝင်သည်၊

(ခ) **ခရီးသွားလာရေးလုပ်ငန်း** ဆိုရာတွင် ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာလုပ်ငန်း၊ ခရီးသွားလာသူများ ပို့ဆောင်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်းနှင့် မြန်မာနိုင်ငံ ခရီးသွားလာရေးကော်မရှင်က ခရီးသွားလာရေးလုပ်ငန်းအဖြစ် သတ်မှတ်သည့် လုပ်ငန်းများ ပါဝင်သည်၊

(ဂ) **ခရီးလှည့်လည်ရေးလုပ်ငန်း** ဆိုသည်မှာ ခရီးစဉ်ဆောင်ရွက်မှုလုပ်ငန်းကို ဖြစ်စေ၊ ခရီးသွားကိုယ်စားလှယ်လုပ်ငန်းကိုဖြစ်စေ၊ ယင်းလုပ်ငန်းနှစ်ရပ်လုံး ကိုဖြစ်စေ ဆောင်ရွက်သော စီးပွားရေးလုပ်ငန်းကို ဆိုသည်၊

(ဃ) **ဟိုတယ်လုပ်ငန်း** ဆိုသည်မှာ ခရီးသွားလာသူများအတွက် တည်းခိုရန်နေရာ နှင့် အစားအစာ၊ အဖျော်ယမကာ၊ အခြားဝန်ဆောင်မှုများ စီစဉ်လုပ်ကိုင်ပေး သော စီးပွားရေးလုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဟိုတယ်၌ဖြစ်စေ၊ ဟိုတယ်ပရဝဏ်အတွင်း၌ဖြစ်စေ ဖွင့်လှစ်ထားသော စားသောက်ဆိုင်လုပ်ငန်း လည်း ပါဝင်သည်၊

(င) **တည်းခိုရိပ်သာလုပ်ငန်း** ဆိုသည်မှာ ခရီးသွားလာသူများ တည်းခိုရန်နေရာ ကိုသာ စီစဉ်လုပ်ကိုင်ပေးသော စီးပွားရေးလုပ်ငန်းကို ဆိုသည်။ ယင်းစကား ရပ်တွင် ဧည့်ရိပ်သာလုပ်ငန်း၊ တည်းခိုဆောင်လုပ်ငန်း သို့မဟုတ် အလားတူ တည်းခိုမှုဆိုင်ရာ လုပ်ငန်းများလည်း ပါဝင်သည်၊

(စ) **ခရီးသွားလာသူများ ပို့ဆောင်ရေးလုပ်ငန်း** ဆိုသည်မှာ ခရီးသွားလာသူများ အား ပြည်တွင်းရှိ မြို့တစ်မြို့အတွင်းဖြစ်စေ၊ မြို့တစ်မြို့မှ အခြားမြို့တစ်မြို့ သို့မဟုတ် ဒေသတစ်ခုခုသို့ဖြစ်စေ စီစဉ်ပို့ဆောင်ပေးသော စီးပွားရေးလုပ်ငန်း ကို ဆိုသည်၊

(ဆ) **ဧည့်လမ်းညွှန်လုပ်ငန်း** ဆိုသည်မှာ ခရီးသွားလာသူများအား ခရီးစဉ် ဝန်ဆောင်မှုအတွက် ဆောင်ရွက်ပေးသည့် စီးပွားရေးလုပ်ငန်းကို ဆိုသည်၊

(ဇ) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံ ခရီးသွားလာ ရေးကော်မရှင်ကို ဆိုသည်၊

(ဈ) **ဦးစီးဌာန** ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့က ဖွဲ့စည်းသည့် ဦးစီးဌာနကို ဆိုသည်၊

(ည) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဤဥပဒေပါ ခရီးသွားလာရေးလုပ်ငန်းကို စစ်ဆေးနိုင်ရန် အလို့ငှာ ဦးစီးဌာန သို့မဟုတ် ဦးစီးဌာနက တာဝန်ပေးအပ် ခြင်းခံရသူကို ဆိုသည်၊

(ဠ) **လိုင်စင်** ဆိုသည်မှာ ခရီးသွားလာရေးလုပ်ငန်း တစ်ခုခုလုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်၊

(ဋ) **လိုင်စင်ရရှိသူ** ဆိုသည်မှာ ဤဥပဒေအရ ခရီးသွားလာရေးလုပ်ငန်းတစ်ခုခု လုပ်ကိုင်ခွင့်ရှိသူကို ဆိုသည်။

## အခန်း (၂)
## အခြေခံမူများ

၃။ ခရီးသွားလာရေးလုပ်ငန်းကို အောက်ပါအခြေခံမူများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည် -

(က) နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတော်၏ လုံခြုံရေးကို မထိပါးစေရေး၊

(ခ) မြန်မာနိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းစေရေး၊

(ဂ) ခရီးသွားလာရေးလုပ်ငန်းကို အကြောင်းပြု၍ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ သိရှိနားလည်မှုနှင့် စည်းလုံးညီညွတ်မှုတို့ကို အထောက်အကူပြုစေရေး၊

(ဃ) မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သော ရှေးဟောင်းသမိုင်းဝင်နေရာ အဆောက်အအုံများ၊ တိုင်းရင်းသားရိုးရာ အနုပညာရပ်များနှင့် ရိုးရာဓလေ့ထုံးစံများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဖွံ့ဖြိုးတိုးတက်စေရေး၊

(င) မြန်မာနိုင်ငံ၏ သဘာဝတောတောင် ရေမြေအလှနှင့် သဘာဝပတ်ဝန်းကျင် အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဖွံ့ဖြိုးတိုးတက်စေရေး၊

(စ) ခရီးသွားလာရေးလုပ်ငန်းကို အကြောင်းပြု၍ နိုင်ငံတကာ ချစ်ကြည်ရင်းနှီးမှုနှင့် သိရှိနားလည်မှုတို့ကို အထောက်အကူပြုစေရေး၊

(ဆ) ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အတတ်ပညာရပ်များ တိုးတက်ထွန်းကား၍ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုတိုးပွားလာစေရေး၊

(ဇ) ခရီးသွားလာသူများ၏ လုံခြုံမှုနှင့် စိတ်ကျေနပ်မှုရရှိစေရေး။

## အခန်း (၃)
## ကော်မရှင်ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ အစိုးရအဖွဲ့သည် မြန်မာနိုင်ငံ ခရီးသွားလာရေးကော်မရှင်ကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းပေးရမည်။

၅။ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ခရီးသွားလာရေးမူဝါဒများ ချမှတ်ခြင်း၊

(ခ) ခရီးသွားလာရေးလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊

(ဂ) ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ တည်ရှိရာဒေသများကို ခရီးသွားလာရေးလုပ်ငန်းဒေသအဖြစ် သတ်မှတ်ခြင်း၊

(ဃ) ခရီးသွားလာရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်မှုတို့အတွက် လမ်းညွှန်ခြင်း၊

(င) ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အရည်အသွေး အဆင့်အတန်း တိုးတက်မြင့်မားစေရေးနှင့် အတတ်ပညာရပ်များ စနစ်တကျတိုးတက်ပြန့်ပွားစေရေးအတွက် လမ်းညွှန်ခြင်း၊

(စ) ခရီးသွားလာသူများအတွက် ကျန်းမာရေး၊ ပညာဗဟုသုတရရှိစေရေး၊ အပန်းဖြေရေး၊ ဖျော်ဖြေရေး စသည့် ဝန်ဆောင်မှုတစ်ခုခု စီစဉ်ဆောင်ရွက်ပေးသည့် စီးပွားရေးလုပ်ငန်းကို ခရီးသွားလာရေးလုပ်ငန်းအဖြစ် သတ်မှတ်ခြင်း၊

(ဆ) လုပ်ငန်းဆောင်ရွက်ချက်များကို အစိုးရအဖွဲ့သို့ အခါအားလျော်စွာ တင်ပြခြင်း၊

(ဇ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခြင်း။

## အခန်း (၄)
## လိုင်စင်လျှောက်ထားခြင်း

၆။ အောက်ဖော်ပြပါ ခရီးသွားလာရေးလုပ်ငန်းတစ်ခုခုကို ကမ္ဘာလှည့်ခရီးသည်များအတွက်ဖြစ်စေ၊ နိုင်ငံခြားဧည့်သည်များအတွက်ဖြစ်စေ လုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည် -

(က) ခရီးလှည့်လည်ရေးလုပ်ငန်း၊

(ခ) ဟိုတယ်လုပ်ငန်း၊

(ဂ) တည်းခိုရိပ်သာလုပ်ငန်း၊

(ဃ) ခရီးသွားလာသူများ ပို့ဆောင်ရေးလုပ်ငန်း၊

(င) ဧည့်လမ်းညွှန်လုပ်ငန်း၊

(စ) ကော်မရှင်က ခရီးသွားလာရေးလုပ်ငန်းအဖြစ် အခါအားလျော်စွာ သတ်မှတ်သည့် လုပ်ငန်းများ။

၇။ ဦးစီးဌာနသည် ပုဒ်မ ၆ ပါ လုပ်ငန်းများအနက် ပြည်တွင်းခရီးသည်များအတွက် လိုင်စင်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည့် လုပ်ငန်းအမျိုးအစားများကို သတ်မှတ်နိုင်သည်။ ယင်းသို့ သတ်မှတ်သည့်အခါ ယင်းလုပ်ငန်းလုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

## အခန်း (၅)
## လိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၈။ လိုင်စင်ရရှိသူသည် ဦးစီးဌာနက သတ်မှတ်သည့် လိုင်စင်ခနှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

၉။ လိုင်စင်ရရှိသူသည် လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

၁၀။ လိုင်စင်ရရှိသူသည် ကော်မရှင်ကဖြစ်စေ၊ ဦးစီးဌာနကဖြစ်စေ အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၁၁။ လိုင်စင်ရရှိသူသည် လိုင်စင်နှင့်စပ်လျဉ်း၍ ဦးစီးဌာနက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီးထံသို့ အယူခံနိုင်ခွင့်ရှိသည်။

## အခန်း(၆)
## ဦးစီးဌာနဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခရီးသွားလာရေးလုပ်ငန်းကို စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဦးစီးဌာနတစ်ခုကို အစိုးရအဖွဲ့က ဖွဲ့စည်းပေးရမည်။

၁၃။ ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကော်မရှင်က ချမှတ်ထားသော မူဝါဒများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) ခရီးသွားလာရေးလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) ခရီးသွားလာရေးလုပ်ငန်း မြှင့်တင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဃ) ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်းတိုးတက်မြင့်မားစေရေးနှင့် အတတ်ပညာရပ်များ တိုးတက်ပြန့်ပွားစေရေးအတွက် ဆောင်ရွက်ခြင်း၊

(င) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခရီးသွားလာရေးလုပ်ငန်းအရပ်ရပ်ကို ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) လိုင်စင်ခနှင့် အခြားအခွန်အခများကို သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဆ) လိုင်စင်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဇ) ခရီးသွားလာရေးလုပ်ငန်းကို စစ်ဆေးနိုင်ရန် စစ်ဆေးရေးမှူးများ ခန့်ထားခြင်း၊

(ဈ) ကော်မရှင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခြင်း။

၁၄။ ဦးစီးဌာနသည် လိုင်စင်ရရှိသူက ခရီးသွားလာရေးလုပ်ငန်းမှ ရရှိသော နိုင်ငံခြားငွေနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းပြီး စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။

## အခန်း (၇)
## စစ်ဆေးခြင်းနှင့် အရေးယူခြင်း

၁၅။ စစ်ဆေးရေးမှူးသည် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည် -

(က) မိမိတာဝန်ခံသည့် နယ်မြေအတွင်း၌ဖြစ်စေ၊ သီးခြားတာဝန်ပေးအပ်သည့် နယ်မြေအတွင်း၌ဖြစ်စေ ခရီးသွားလာရေးလုပ်ငန်းကို စစ်ဆေးခြင်း၊ လိုအပ်သလို စုံစမ်းမေးမြန်းခြင်း၊

(ခ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊

(ဂ) ဦးစီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

၁၆။ စစ်ဆေးရေးမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) လိုင်စင်ရရှိသူက လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မှုရှိ မရှိနှင့် စပ်လျဉ်း၍ စစ်ဆေးနိုင်ရန် လုပ်ငန်းနှင့်သက်ဆိုင်သော မှတ်တမ်းများ၊ စာရင်းများနှင့် အခြားအထောက်အထား စာရွက်စာတမ်းများကို တောင်းယူခြင်း၊ ကူးယူခြင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော ပစ္စည်းများကို စစ်ဆေးခြင်း၊

(ခ) ခရီးသွားလာရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် အဆောက်အအုံကိုဖြစ်စေ၊ ယာဉ်ကိုဖြစ်စေ၊ လူကိုဖြစ်စေ ဤဥပဒေနှင့်အညီ စစ်ဆေးခွင့်ရှိခြင်း။

## အခန်း (၈)
## လိုင်စင်ပျက်ပြယ်ခြင်း

၁၇။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ လိုင်စင်ပျက်ပြယ်သည် -

(က) လိုင်စင်ရရှိသူ သေဆုံးခြင်း၊

(ခ) လိုင်စင်သက်တမ်း ကုန်ဆုံးခြင်း၊

(ဂ) လိုင်စင်ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(ဃ) လိုင်စင်ရရှိသူက မိမိလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လို၍ လိုင်စင်ကို ပြန်လည်အပ်နှံခြင်း။

၁၈။ လိုင်စင်ရရှိသူသည် လုပ်ငန်းကို ဆက်လက်မလုပ်ကိုင်တော့ကြောင်း ဦးစီးဌာနက စစ်ဆေးတွေ့ရှိလျှင် ယင်းလိုင်စင်အား ပျက်ပြယ်သည်ဟု မှတ်ယူနိုင်သည်။

၁၉။ လိုင်စင်ရရှိသူသည် ပုဒ်မ ၁၇ အရ ပျက်ပြယ်သော လိုင်စင်ကို ပျက်ပြယ်သည့်နေ့ရက်မှ ၁၅ ရက်အတွင်း ဦးစီးဌာန သို့မဟုတ် ဦးစီးဌာန၏ ပြည်နယ်၊ တိုင်း၊ မြို့နယ်စု သို့မဟုတ် မြို့နယ်ရုံးသို့ ပြန်လည်အပ်နှံရမည်။

## အခန်း (၉)
## အယူခံခြင်း

၂၀။ လိုင်စင်လျှောက်ထားသူ သို့မဟုတ် လိုင်စင်ရရှိသူသည် ဦးစီးဌာနက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ဝန်ကြီးထံသို့ အယူခံနိုင်သည်။

၂၁။ သက်ဆိုင်ရာ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၁၀)
## တားမြစ်ချက်များ

၂၂။ မည်သူမျှ ပုဒ်မ ၆ အရဖြစ်စေ၊ ပုဒ်မ ၇ အရဖြစ်စေ ခရီးသွားလာရေးလုပ်ငန်းတစ်ခုခု ကို လိုင်စင်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုလုပ်ရ။

၂၃။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုလုပ်ရ။

(ခ) ကော်မရှင်ကဖြစ်စေ၊ ဦးစီးဌာနကဖြစ်စေ အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ အမိန့်ကြော်ငြာစာ သို့မဟုတ် ညွှန်ကြားချက်ပါ တားမြစ်ချက်ကို ဖောက်ဖျက်ခြင်း မပြုလုပ်ရ။

၂၄။ မည်သူမျှ စစ်ဆေးရေးမှူး၏ တာဝန်ဝတ္တရားဆောင်ရွက်မှုကို နှောက်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း မပြုလုပ်ရ။

၂၅။ မည်သူမျှ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်းမပြုဘဲ ခရီး သွားလာရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခြင်း မပြုလုပ်ရ။

## အခန်း (၁၁)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၆။ မည်သူမဆို ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၂၇။ လိုင်စင်ရရှိသူသည် ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၂၀၀၀၀အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၂၀၀၀၀အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၂၉။ မည်သူမဆို ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၁၀၀၀၀အထိ ချမှတ်နိုင်သည်။

၃၀။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ချမှတ်ခြင်းကို ခံရမည်။

## အခန်း (၁၂)
## အထွေထွေ

၃၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့် မသက်ဆိုင်စေရ။

၃၂။ လိုင်စင်ရရှိသူများသည် မိမိတို့လုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ မှတ်ပုံတင်မှသာ ဖွဲ့စည်းတည်ထောင်ခွင့်ရှိသည်။

၃၃။ ဤဥပဒေအရ တရားစွဲဆိုသည့် ပြစ်မှုများကို ပြည်သူ့ရဲတပ်ဖွဲ့က အရေးယူပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၄။ အစိုးရအဖွဲ့သည် ပုဒ်မ ၁၂ အရ ဦးစီးဌာနကို ဖွဲ့စည်းခြင်းမပြုနိုင်သေးသည့် ကာလအတွင်း ယင်းဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၃၅။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စအတွက် ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို တရာမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၃၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသည် -

(က) လိုအပ်သော လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သော အမိန့်၊ ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်သည်။